ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက် ညပိုင်းအစီအစဉ်

**ဗွီအိုအေ။** ။ သောတရှင်များရှင်။ ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ရဲ့အဖွဲ့ဝင်သုံးဦးပါကိုယ်စားလှယ်အဖွဲ့ဟာ မနီလာမြို့မှာဖိလစ်ပိုင်လွှတ်တော်အမတ်တွေနဲ့တွေ့ဆုံပြီး ဖိလစ်ပိုင်အစိုးရအနေနဲ့ မြန်မာနိုင်ငံပတ်သက်တဲ့သဘောထားပြောင်းလဲရအောင် မြန်မာ့ဒီမိုကရေစီအရေးထောက်ခံအားပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်တိုက်တွန်းနေပါတယ်။ ဖိလစ်ပိုင်အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တခုကိုမကြာခင်မှာချနိုင်လိမ့်မယ်လို့ မျှော်လင့်ရတဲ့အကြောင်း NCUB ရဲ့ကိုယ်စားလှယ်အဖွဲ့ကဆိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ကို ငါးရက်ကြာခရီးစဉ်နဲ့ဒီလ (၂၆) ရက်နေ့ကတည်းကရောက်ရှိနေတဲ့ NCUB ကိုယ်စားလှယ်အဖွဲ့ဟာ ဒီကနေ့မှာ ဖိလစ်ပိုင်အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ၊ အထက်လွှတ်တော်လူမျိုးစုခေါင်းဆောင် အထက်လွှတ်တော်အမတ်တချို့အပြင် လေဘာပါတီခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဗီယမ်နန်မှာကျင်းပမယ့် အာရှဥရောပအစည်းအဝေး အာဆမ်မှာမြန်မာနိုင်ငံတက်ရောက်မယ့်ကိစ္စက ၂၀၀၆ ခုနှစ်ကျရင် မြန်မာနိုင်ငံ အရှေ့တောင်အာရှနိုင်ငံများအသင်းရဲ့ အလှည့်ကျဥက္ကဋ္ဌနေရာအဖြစ်ဆောင်ရွက်မယ့်ကိစ္စကို သေသေချာချာစဉ်းစားပေးဖို့နဲ့ပတ်သက်ပြီး အလေးထားဆွေးနွေးခဲ့ကြတယ်လို့ NCUB အတွင်းရေးမှူးလည်းဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ဝင်လည်းဖြစ်သူ ဦးမောင်မောင်အေးကပြောပါတယ်။

**ဦးမောင်မောင်အေး။** ။ ဒီ နအဖဟာ အာစီယံမှာပါလာတဲ့အချိန်ကစပြီးတော့မှ မြန်မာနိုင်ငံအတွင်းမှာ ဘာမှ နိုင်ငံရေးအရလည်းပြုပြင်ပြောင်းလဲမှုမရှိဘူး။ နိုင်ငံရေးအရတိုးတက်ပြောင်းလဲမှုလည်းတစုံတရာမရှိဘူး။ အခြေအနေဟာပိုပြီးတော့ဆိုးလာတာပဲရှိတယ်။ အဲ့ဒီတော့ မြန်မာနိုင်ငံဒီခြေအနေတွေဟာ အာစီယံနိုင်ငံ တွေအပေါ်မှာလည်း သွားပြီးတော့ဝန်ထုပ်ဝန်ပိုးလိုဖြစ်နေတယ်။ အာစီယံနိုင်ငံတွေအတွက်လည်း ထိခိုက်မှုတွေဖြစ်လာတယ်။ ဒေသတွင်း ထိခိုက်မှုတွေဖြစ်လာတဲ့အတွက် ဒီ အာစီယံမှာမြန်မာနိုင်ငံပါဝင်နေတဲ့အခန်းကဏ္ဍ ကိုလည်းပြန်ပြီးတော့သုံးသပ်ဖို့ လာမယ့် ဒီ အာစီယံအစည်းအဝေးမှာလည်း မြန်မာနိုင်ငံပါဝင်တက်ရောက်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့မှာ အာစီယံမှာအချက်ကြီးဖြစ်နေတဲ့ကိစ္စတွေအပေါ်မှာ ဒါ့ရှင်းရှင်းပေါ့နော် အာစီယံအနေနဲ့နားလည်ပြီးတော့မှ ဒီမိုကရေစီအရေးအတွက်ဦးစားပေးပြီးဆောင်ရွက်သင့်တဲ့ခြေလှမ်းတွေ လှမ်းဖို့လိုတဲ့အကြောင်းတွေကိုလည်း ဆွေးနွေးတင်ပြနိုင်ခဲ့ပါတယ်။

**ဗွီအိုအေ။** ။ မြန်မာ့ဒီမိုကရေစီအရေးကိုသူတို့ဝိုင်းဝန်ထောက်ခံတဲ့အကြောင်း မြန်မာနိုင်ငံရဲ့အခြေအနေတွေနဲ့ပတ်သက်ပြီးစာနာမှုရှိပါကြောင်း ဒါပေမဲ့အစိုးရနဲ့သက်ဆိုင်တဲ့ပေါ်လစီဖြစ်နေတာကြောင့် အစိုးရကိုတိုက်တွန်းသွားမှာဖြစ်တဲ့အကြောင်း ဖိလစ်ပိုင်အထက်လွှတ်တော်အမတ်တွေကပြောတာကို ဦးမောင်မောင်အေးက ဗွီအိုအေကိုပြန်ပြောပြပါတယ်။ ဒါ့အပြင်မြန်မာ့ဒီမိုကရေစီအရေးကိုထောက်ခံအာပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ကို ဖိလစ်ပိုင်နိုင်ငံမှာဖွဲ့စည်းနိုင်ရေးနဲ့ပတ်သက်ပြီးဆွေးနွေးခဲ့တယ်လို့လည်း ဦးမောင်မောင်အေးကဆိုပါတယ်။ ဒီအဖွဲ့ကိုမကြာခင်မှာဖွဲ့စည်းနိုင်လိမ့်မယ်လို့သူမျှော်လင့်နေပါတယ်။

**ဦးမောင်မောင်အေး။** ။ ကျနော်တို့သွားတွေ့တဲ့အထက်လွှတ်တော်အောက်လွှတ်တော်မှာရှိတဲ့ အမတ်တွေအနေနဲ့ကမြန်မာနိုင်ငံမှာဖြစ်နေတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး သူတို့အနေနဲ့တော်တော်များများသိနေတယ်ဆိုတဲ့အချက်ကိုကျနော်တို့တွေ့ရတယ်။ အဲ နောက်တချက်ကတော့ ဒီ နောက်ဆုံးဖြစ်နေတဲ့ဒီကမ္ဘာ့နိုင်ငံရေးအခြေအနေတွေနဲ့ပတ်သက်ပြီးတော့ ဟုတ်လား ဒီအမေရိကန်နိုင်ငံရဲ့သဘောထားတွေ အီးယူရဲ့သဘောထားတွေ အပေါ်မှာလည်း ဖိလစ်ပိုင်အနေနဲ့ဒါတွေကိုပါထည့်ထွက်တယ်ဆိုတဲ့အကြောင်းတွေကိုပါ ကျနော်တို့တွေ့ရတယ်။ တွေ့ရပြီးတော့ သူတို့ကိုယ်တိုင်ကနေပြီးတော့မှ ဒီ ဟုတ်လား အထက်လွှတ်တော်အတွင်းမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့မှ မြန်မာ့အရေးကိုထောက်ခံအားပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ပေါ်ပေါက်လာနိုင်ရေး

အတွက်ကိုသူတို့ ဥပဒေကဲ့သို့ပေ့ါနော် ဒီဆုံးဖြတ်ချက်တခုဖြစ်သွားအောင်ကြိုးပမ်းမယ်ဆိုတဲ့သဘောထားကို သူတို့ကိုယ်တိုင်ကနေပြီးတော့ လိုလိုလားလားပြောလာတာရှိပါတယ်။ အဲ အောက်လွှတ်တော်မှာလည်းအလား တူပဲ ကျနော်တိုကြိုးစားသွားမယ်ဆိုတာကိုသူတို့ ကျနော်တို့ကိုတင်ပြသွားတာပြောသွားတာရှိပါတယ်။

**ဗွီအိုအေ**။ ။ မြန်မာ့ဒီမိုကရေစီအရေးကိုထောက်ခံအားပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့တွေကို အာစီယံအရှေ့တောင်အာရှနိုင်ငံများအတွင်းဖွဲ့စည်းနိုင်ရေးနဲ့ပတ်သက်ပြီး NCUB အဖွဲ့ကကြိုးပမ်း နေရာမှာ မလေးရှားနိုင်ငံမှာဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အလားတူအဖွဲ့ကို ထိုင်းနိုင်ငံမှာဖွဲ့ဖို့ဆက်လက်ကြိုးပမ်းနေ တုန်းပဲလို့ဦးမောင်မောင်အေးကဆိုပါတယ်။ အဲ့ဒီအဖွဲ့တွေဖွဲ့စည်းနိုင်မယ်ဆိုရင် ဒီအဖွဲ့တွေကတဆင့်အာစီယံ အဖွဲ့ဝင်တွေရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ပေါ်လစီတွေပြောင်းလဲအောင် ထိထိရောက်ရောက်လုပ်ဆောင်နိုင်မယ်လို့ ဦးမောင်မောင် အေးကဆိုပါတယ်။ အခုလိုမြန်မာ့ဒီမိုကရေစီအရေးကိုထောက်ခံအားပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့ဖိလစ်ပိုင်နိုင်ငံမှာ ဖွဲ့စည်းဖို့ကြိုးပမ်းရာမှာ ဖိလစ်ပိုင်နိုင်ငံရဲ့တုန့်ပြန်မှုဟာထင်ထားတာထက် ပိုကောင်းတဲ့အတွက် အားရကျေနပ်မိတဲ့အကြောင်း အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ၊ လွှတ်တော်အမတ်တွေနဲ့တွေ့ဆုံပြီး မြန်မာ့အရေး ဆက်လက်ဆွေးနွေးတိုက်တွန်းသွားမှာဖြစ်တယ်လို့ ဦးမောင်မောင်အေးကပြောခဲ့ပါတယ်။